ကောင်းကော် ကျေးရွာ
ဟိုပန် မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကောင်းကော် ကျေးရွာ၊ ဟိုပန် မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ ဇွန် လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| ၁။ | စကားချီး | ၃ |
| ၂။ | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| ၃။ | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| ၄။ | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| | | |
| အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၈ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၈ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၉ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး | ၁၁ |
| ၉။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၂ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၂ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၂ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၃ |
| အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၅ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုနှစ်မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန် လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကောင်းကော် ကျေးရွာ
ဟိုပန်မြို့

## ဟိုပန် မြို့နယ်၊ ကောင်းကော် ကျေးရွာ သယံဇာတပြမြေပုံ



## ဟိုပန် မြို့နယ်၊ ကောင်းကော် ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



## ဟိုပန် မြို့နယ်၊ ကောင်းကော်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကောင်းကော်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ နောင်မိုကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့နယ်၏ အရှေ့ဘက် (၂/၅)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် နောင်အွန်ကျေးရွာနှင့် ခြေလျင်တပ်ရင်း(၁၄၃)တပ်၊ တောင်ဘက်တွင် လယ်ကွင်းများရှိပြီး၊ အရှေ့ဘက်တွင် ဟိုပင်ကျိုင်းကျေးရွာ၊ အနောက်ဘက်တွင် နောင်မိုကျေးရွာ စသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် ကချင်လူမျိုးများနှင့်ကိုးကန့်လူမျိုးများ အများစုနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၂)ဧက၊ ယာမြေ/တောင်ယာမြေ (၂၈)ဧက၊ ဥယျာဉ်ခြံမြေ (၁၅.၅)ဧက စုစုပေါင်း(၆၅.၅)ဧကသာ ရှိပါသည်။ များသော အားဖြင့် မေ လတွင် မိုး စတင်ရွာသွန်းပြီး၊ အောက်တိုဘာ လတွင် မိုးကုန်ပါသည်။ ဇူလိုင်လတွင် မိုးအများဆုံးရွာသွန်း ပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံးပျမ်းမျှ( ၀.၂၄ မှ ၁၃.၄၇)လက်မ ရွာသွန်းပါသည်။ ပျမ်းမျှအမြင့်ဆုံးအပူချိန် (၃၉) ဒီဂရီစင်တီဂရိတ်အနိမ့်ဆုံးအပူချိန်(၂၆) ဒီဂရီစင်တီဂရိတ် ရှိပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၆၅)၊ လူဦးရေ (၄၀၀)ဦးရှိပြီး၊ ကချင်လူမျိုးများနှင့်ကိုးကန့်လူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၆.၁၅)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်း အထက်တွင် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း (၇)ဦး၊ (၁.၇၅ %)နှင့် သက်ကြီးရွယ်ကြီး (၁၆)ဦး၊ (၄ %)ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ် (၂၆)ဦး၊ (၆.၅ %)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေသည် (၂၇၅)ဦး၊ (၆၈.၇၅ %) ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့အပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၂ %)ခန့် များပြား နေပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့်ကော်မတီ ဖွဲ့စည်း၍ အသင်းဝင်များအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ အတွက် ချေးငွေ ထုတ်ချေးပေးခြင်းဆောင်ရွက်ပေးပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့တို့မှာ အချင်းချင်း ချိတ်ဆက်၍ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအား ပေါင်းစပ်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဘုရားကျောင်း

ကော်မတီဖွဲ့စည်းထားပြီး ဘုရားကျောင်းအတွက်လိုအပ်သော လျှပ်စစ်မီး၊ ကျောင်းဆောင်၊ အိမ်သာနှင့် အခြားလိုအပ်သောချက်များကို ကျေးရွာသူ/သားများမှ အဆင်ပြေအောင် ဆောင်ရွက်ပေး လျက်ရှိပါသည်။

**၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး၊ ကျေးရွာ၏ အိမ်ထောင်စု (၃)ပုံ (၁)ပုံခန့် ရှိသော အိမ်ထောင်စု(၂၈)စုမှာ စိုက်ပျိုးမြေယာပိုင်ဆိုင်ခြင်း မရှိပါ။ အဓိကအားဖြင့် ပြောင်း၊ ကြံများကို စိုက်ပျိုးကြပြီး၊ စပါးနှင့် တိုင်ထောင်ပဲများကို အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ လယ်ယာမြေအသုံးချနိုင်မှု အနေဖြင့် ကျေးရွာပိုင် လယ်/ယာ မြေများသာမက နီးစပ်ရာကျေးရွာများ ရှိ လယ်ယာမြေများနှင့် အခြား ကျေးရွာများရှိ လယ်/ယာမြေများလည်း ငှားရမ်းလုပ်ကိုင်ကြပါသည်။ စိုက်ပျိုး လယ်/ယာမြေ ပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စုများမှာ ကျေးရွာနှင့် ကျေးရွာပြင်ပများ၌ နေ့စား/ကျပန်း လုပ်ကိုင် ကြခြင်း၊ လောင်ကိုင်မြို့နှင့် တရုတ်ပြည်မထဲသို့တွင် သွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လယ်မြေများကို ချောင်းရေကို ရေသွင်းမြောင်းမှ ရေသွင်း စိုက်ပျိုးကြပြီး၊ ယာမြေများသည် မိုးရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတု မမှန်သော နှစ်များတွင် အခက်အခဲရှိပါသည်။ ကျေးရွာ၏ တောင်ယာမြေများကို အမှတ်(၁၄၃) ခြေလျင်တပ်ရင်းမှ သိမ်းယူ၍ တပ်ရင်းတည်ဆောက်ထားပါသည်။ ထို့ကြောင့် ၎င်းမြေယာတွင် စိုက်ပျိုးလုပ်ကိုင်နေကြသော ကျေးရွာ၏ စိုက်ပျိုးမြေယာများ ဆုံးရှုံးကုန်ပါသည်။

ကျေးရွာတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု (၃)ပုံအနက် (၁)ပုံခန့်သာ လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ လက်တွန်း ထွန်စက်ငှားရမ်း သုံးစွဲကြပြီး၊ ကျွဲ များဖြင့် ထွန်ယက်ခြင်း ဆောင်ရွက်ကြပါသည်။ ခြွေလှေ့ စက်(၁၁) လုံး၊ ရေစုပ်စက် (၆)လုံး၊ မြတ်ရိတ်စက် (၁၀)လုံး ပိုင်ဆိုင်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးများနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများအား ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှ တိုက်ရိုက်တယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာများ အသုံးပြု စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့ တို့၌ သွားရောက်ရောင်းချကြပါသည်။ တရုတ်ပဲထောင့်ရှည်နှင့် အတိုမျိုး ထွက်ကုန် များအား ကိုယ်စားလှယ်များမှ ကျေးရွာတွင် လာရောက်ကောက်ယူကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေသော အိမ်ထောင်စု အချို့ ရှိပါသည်။ အများအားဖြင့် ကျွဲ၊ ဝက်၊ ကြက်နှင့် ဘဲ တို့ကို မွေးမြူကြပါသည်။ ကျွဲများအား

လုပ်ငန်းသုံး မွေးမြူကြပြီး၊ ဝက်၊ ကြက်နှင့် ဘဲ တို့အား မိသားစုစားသုံးရန်နှင့် မိသားစုဝင်ငွေ ရရှိစေရန် တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအပြင် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် နေအိမ်၌ ကုန်ခြောက်ပစ္စည်းများရောင်းချခြင်း၊ ခေါက်ဆွဲနှင့် အခြားစားသောက်ဖွယ်ရာများ ရောင်းချခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျောက်ထုတ်လုပ်ငန်း ဆောင်ရွက်နေသော အိမ်ထောင်စု (၂)စုရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဟိုပန်မြို့ပေါ်၌ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)နှင့် သမဝါယမချေးငွေတို့ရှိသော်လည်း ချေးငွေများ ချေးယူခြင်း မရှိကြပါ။ ကျေးလက်ဦးစီးဌာနမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင် ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့် ကော်မတီဖွဲ့စည်းပေးထားပြီး သက်မှတ်ထား သော လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးခြင်း ဆောင်ရွက်ပေးပါသည်။ အရင်းငွေကို (၁)နှစ်အတွင်း(ဆပ်)၊ အတိုးနှုန်းအား (၁)ကျပ်တိုးနှုန်းသက်မှတ်ပြီး၊ အတိုးဆပ်ကာလ (၆)လ (၁)ကြိမ် ပေးဆပ်နိုင်ရေး ဆောင်ရွက်ထားပါသည်။ မိတ်ဆွေများနှင့် ဆွေမျိုးများထံမှ ချေးယူပါက (၃)ကျပ်မှ (၅)ကျပ်တိုးနှုန်း ပေး၍ ချေးငွေရယူ ရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ချေးခြင်းသာ ပြုလုပ်ကြပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းဆင့်သာရှိပါသည်။ ထို့ကြောင့် မိုးရာသီနှင့် မိုးများ သည့်ရက်များ၌ လမ်းချော်ခြင်း သွားလာရန်ခက်ခဲပါသည်။ ရွာချင်းဆက်လမ်း (၁)လမ်းရှိပြီး ဟိုပင်ကျိုင်းကျေးရွာနှင့် နောင်မိုကျေးရွာတို့နှင့် ချိတ်ဆက်ထားသောလမ်းမှာ ကတ္တရာလမ်း ဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စု အများစုတွင် မော်တော်ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု အချို့တွင် ကား၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် လျှပ်စစ်မီး ဓါတ်တိုင်များရှိပြီး ပန်မွန်း(ရေအား)မှ လျှပ်စစ်မီးထုတ်လွှတ်ပေး နေပြီး၊ ပုံမှန်သုံးစွဲနိုင်ခြင်းမရှိဘဲ (၁)ရက်လျှင် ည/မနက် (၁)နာရီလောက်သာ လျှပ်စစ်မီးပေးနိုင် ပါသည်။ တစ်ခါတစ်ရံ (၁)ပတ်မှ (၁)လကျော်ခန့် လျှပ်စစ်မီးမရရှိပါ။ ထို့ကြောင့် ကျေးလက်ဦးစီး ဌာနမှ NEP စီမံကိန်းဖြင့် ပေးထားသော ဆိုလာပြားများ သုံးစွဲသည့် အိမ်ထောင်စု(၅၈)စု ရှိပါသည်။

အဆင်ပြေသော အိမ်ထောင်စု(၁)စုမှာ ဒီဇယ်အင်ဂျင် သုံးစွဲပါသည်။ လျှပ်စစ်မီး မသုံးစွဲနိုင်သည့် အိမ်ထောင်စု မရှိပါ။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် MPT, Mytel, Telenor နှင့် Ooredoo ဖုန်းလိုင်းများ မိပါသည်။ အင်တာနက်လိုင်းမှာ 3G ရရှိပြီး ကျေးရွာထဲ အချို့နေရာများတွင် အင်တာနက်လိုင်း မကောင်းပါ။ အင်တာနက်လိုင်းများ သုံးစွဲလိုပါက ကျေးရွာ၏ရွာအဝင်ရှိ စာသင်ကျောင်းနားပတ်လည်တွင် သွားရောက် သုံးစွဲနေရပါသည်။

**၇။ ပညာရေး**

ကျေးရွာတွင် အစိုးရပညာရေးကျောင်း မူလွန်ကျောင်းရှိပါသည်။ ၎င်းကျောင်းတွင် သွားရောက် ပညာသင်ကြားကြပြီး လက်ရှိတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ စုစုပေါင်း (၆၈)ဦးရှိပါသည်။ ကျေးရွာအတွင်းမှ အထက်တန်းကျောင်း သင်ကြားနေသူ (၁၅)ဦးရှိပြီး ဟိုပန်မြို့ပေါ်ရှိ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားလျက်ရှိပါသည်။ တက္ကသိုလ်/ကောလိပ်အဆင့်တွင် သင်ကြားနေသူ (၆)ဦးရှိပြီး လားရှိုးတက္ကသိုလ်နှင့် အခြားမြို့များရှိ တက္ကသိုလ်/ကောလိပ်များ၌ ပညာ သင်ကြားနေကြပါသည်။

ကျေးရွာရှိကျောင်းသည် မူလွန်ကျောင်းဖြစ်သောကြောင့် ကျေးရွာတွင်းရှိ ကျောင်းသား/သူ အများစုသည် အလယ်တန်းနှင့် အထက်တန်းအဆင့်ကိုမူ ဟိုပန်မြို့(အ.ထ.က)ကျောင်း၌ တက်ရောက် ပညာသင်ကြားကြပါသည်။ ကျောင်းသားအချို့မှာ ပညာရေးစိတ်တင်စားမှု အားနည်းခြင်း၊ မိသားစုအတွင်း ငွေကြေးအဆင်မပြေခြင်း စသည်တို့ကြောင့် အလယ်တန်း အောင်မြင်ပြီးပါက ကျောင်းထွက်ကာ မိဘတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ၌ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးကြပါသည်။ ကျောင်းသား/သူ ကိုယ်တိုင် ပညာရေးဘက်စိတ်ဝင်စားမှုရှိခြင်း၊ မိဘတို့လည်း ငွေကြေး အဆင်ပြေသော အိမ်ထောင်စုများမှာ အထက်တန်းပညာကို ဆက်လက်သင်ကြားကြပါသည်။

လက်ရှိတွင် ကျေးရွာအတွင်းရှိ လူဦးရေ၏ (၂၈.၂၅)ရာခိုင်နှုန်းသည် စာမတတ်ကြပါ။ အများစုသည် သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ ကျေးရွာတွင် တက္ကသိုလ်ဘွဲ့ရသူများ ရှိသောကြောင့် ပညာရေး အခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

**၈။ ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ကျေးလက်ဆေးပေးခန်းမှ မိခင်နှင့်ကလေး၊ ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးပါသည်။ သက်ကြီးရွယ်အို များကို အိမ်တိုင်ရာရောက် ကုသပေးခြင်း၊ ဆေးပေးခန်း၌ ပုံမှန်ကုသပေးခြင်းများ ဆောင်ရွက်ပါသည်။ ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာအုပ်စု(၃)စုအား တာဝန်ယူဆောင်ရွက်ပေးနေ ရပါသည်။ ၎င်းကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး ကာကွယ်ဆေးထိုးနှံခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက် ပေးပါသည်။ ထို့အပြင် အုပ်စုအတွင်းရှိ ကျောင်းများတွင် ကာကွယ်ဆေးထိုးနှံခြင်းများလည်း ဆောင်ရွက်ပေး ပါသည်။

ကျေးရွာတွင် ငှက်ဖျားဖြစ်ပွားမှု များပြားသော်လည်း ရောဂါပြင်းထန် သေဆုံးသူမှာ မရှိပါ။ ကျေးရွာရှိ သက်ကြီးရွယ်ကြီးများ၊ လူလတ်ပိုင်းအများစုတို့၌ သွေးတိုးရောဂါဖြစ်ပွားမှုများ အနည်း ငယ်ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးနှင့် အသည်းရောင်ရောဂါ(ဘီ၊စီ)ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ အများဆုံး သုံးစွဲလျက်ရှိသောကြောင့် မြေဆီမြေဩဇာများ ပျက်စီးမှုများရှိပါသည်။ ကျေးရွာအတွင်းရှိ စွန့်ပစ်ပစ္စည်းများအား မိမိတို့ အစီအစဉ်ဖြင့်သာ မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာ၏ အပြင်နီးစပ်ရာ စွန့်ပစ်နေရာများ၌ သွားရောက်စွန့်ပစ်ခြင်းများ ပြုလုပ်ကြပြီး၊ ယခုအချိန်တွင် ကျေးရွာရှိ ရပ်မိရပ်ဖများအနေဖြင့် အမှိုက်စွန့်ပစ်ရန် နေရာသက်မှတ်ကာ စနစ်တကျစွန့်ပစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲ အယူအဆများနှင့် အမျိုးသမီးများကိုယ်တိုင်လည်း ခေါင်းဆောင်ပါဝင်ရန် စိတ်ဝင်စားမှု နည်းပါးသည့် အတွက် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု နည်းပါးလျှက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအနားယူ အပန်းဖြေရာနေရာများ မရှိဘဲ၊ ရာသီအလိုက် ပွဲတော်များဖြစ်သော နှစ်သစ်ကူးပွဲ၊ ကိုးကန့်နှစ်သစ်ကူးပွဲ ခရစ်စမတ်ပွဲ၊ ကောက်သစ်စားပွဲနှင့် အခြားဘာသာရေးပွဲလမ်းသဘင်များ ရှိပါသည်။ ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ရပ်မိရပ်ဖများနှင့် လူငယ်လူရွယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိလူငယ်လူရွယ်များ စုပေါင်းကာ ခြင်းခတ်ခြင်း၊ ဘောလီဘောဆော့ခြင်း၊ ဘောလုံးကန်ခြင်း များရှိပါသည်။ လူငယ်များစုပေါင်း၍ လည်ပတ်ခြင်း၊ ပျော်ပွဲစားထွက်ခြင်းများရှိပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် မူးယစ်ဆေးသုံးစွဲခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ကြပါသည်။

**၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံး ကျေးရွာန်းမတည်ဆောက်ခြင်း | ၁ | ✔ | | | | |
| ၂ | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း | ၂ | | ✔ | | | |
| ၃ | ဆက်သွယ်ရေးဖုန်းတာဝါတိုင်တည်ဆောက်ခြင်း | ၃ | | | ✔ | | |
| ၄ | စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၆ | မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး အသိပညာ ဟောပြောပွဲ ပြုလုပ်ပေးခြင်း | ၆ | | ✔ | ✔ | ✔ | ✔ |

# အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | - ကောင်းကော် |
| ကျေးရွာအုပ်စု | - နောင်မို |
| မြို့နယ် | - ဟိုပန်မြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရှမ်းပြည်နယ်(မြောက်ပိုင်း) |

စီမံချက်အမည် - ဘက်စုံသုံး ကျေးရွာခန်းမ တည်ဆောက်ခြင်း

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျေးရွာတွင်း ရပ်ရေးရွာရေး ကိစ္စရပ်များတိုင်ပင်ဆွေးနွေးရန် စုရပ်မရှိခြင်း တခါတရံ ဘုရားကျောင်းဆောင်ထဲပြုလုပ်ရခြင်း၊ ရွာလူကြီးအိမ်တွင်ပြုလုပ်ရခြင်းများရှိသော်လည်း နေရာထိုင်ခင်း အဆင်မပြေမှုများရှိပါသည်။

စီမံချက်၏ ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာအစည်းအဝေးများ၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှ ပြုလုပ်သော အစည်းအဝေးပွဲများအား ဤခန်းမထဲတွင် နေရာထိုင်ခင်းအဆင်ပြေချော့မွေ့စွာ လက်ခံ ကျင်းပလာနိုင်မည်ဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)

ရပ်ရေးရွာရေး ကိစ္စရပ်များတိုင်ပင်ဆွေးနွေးခြင်း၊ ဘာသာရေးပွဲလမ်းသဘင်များနှင့် အခြား ကျင်းပ ပြုလုပ်နိုင်သော ကိစ္စရပ်များအား လက်ခံကျင်းပပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)

(၇၀'×၃၀'×၁၂')အရွယ်အစားရှိသော ဘက်စုံခန်းမ တည်ဆောက်ခြင်း

ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၀.၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • ၂.၉၂(ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၀၄ | ၁၉၆ | ၄၀၀ | ၆ | ၇ | ၄၈ | ၄ | ၆၅ |
| **အကျိုးခံစားမည့် ဦးရေ** | ၂၀၄ | ၁၉၆ | ၄၀၀ | ၆ | ၇ | ၄၈ | ၄ | ၆၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း(များ) <br> ကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်း၊ ကျေးရွာသူ/သားများနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၅.၂.၂၀၁၉ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၅.၅.၂၀၁၉ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် <br> ကျေးရွာမှဘက်စုံသုံးခန်းမ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျှင် ငွေအား/ လူအား/ ပစ္စည်း အင်အားများပါဝင်သွားမည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်းစည်းရုံးလှုံ့ဆော်သွားမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ <br> ဘက်စုံသုံးကျေးရွာခန်းမ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပါက ကျေးရွာလူထုပေါင်းစည်းကာ ဝိုင်းဝန်းပြုပြင်သွားမည်။ |

နောက်ဆက်တွဲ (၁)

## ကောင်းကော်ကျေးရွာ ၊ နောင်မိုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးယောဟန် | ဦးဘောင်ယိမ်း | ၁၃/ဟပတ(နိုင်) ၀၀၅၇၉၀ | ၆၆ | ဥက္ကဋ္ဌ | ၀၉-၂၆၅၁၇၉၇၃ |
| ၂။ | ဦးဇော်ယော် | ဦးဇော်လှ | ၁၃/ဟပတ(နိုင်) ၀၁၂၇၄၉ | ၄၂ | အတွင်းရေးမှူး | |
| ၃။ | ဒေါ်ခမ်းလူ | ဦးလနောင် | ၁၃/ဟပတ(နိုင်) ၀၀၃၅၃၅ | ၃၇ | စာရင်းကိုင် | |
| ၄။ | ဦးဇော်ခါး | ဦးမာဘရန် | ၁၃/ဟပတ(နိုင်) ၀၁၅၆၀၄ | ၃၇ | ဘဏ္ဍာရေးမှူး | |
| ၅။ | ဒေါ်ဒေါင်နန်း | ဦးလွမ်းဒေါင် | ၉/မတလ(နိုင်) ၂၃၇၃၄၇ | ၃၃ | သော့ကိုင်(၁) | |
| ၆။ | ဦးခေါင်လွမ်း | ဦးခွန်မောင် | ၁၃/ဟပတ(နိုင်) ၀၂၀၆၄၄ | ၃၆ | သော့ကိုင်(၂) | |
| ၇။ | ဒေါ်ဆိုင်းဘူ | ဦးဇော်တူး | ၁၃/ဟပတ(နိုင်) ၀၁၉၃၉၇ | ၂၇ | အဖွဲ့ဝင် | |

**နောက်ဆက်တွဲ(၂)**

**နောင်မို ကျေးရွာအုပ်စု၊ ကောင်းကော် ကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၁ | ၁၅ | ၂၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၅ | ၃၂ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၄ | ၂၀ | ၄၄ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၂ | ၁၃၃ | ၂၇၅ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၉ | ၁၆ |
| **စုစုပေါင်း** | | ၂၀၄ | ၁၉၆ | ၄၀၀ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၆၅ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ကောင်းကော်ကျေးရွာတွင် ကချင်လူမျိုးများနှင့် ကိုးကန့်လူမျိုးများ အများစု နေထိုင်ကြပါသည်။ ကျေးရွာသည် (၆၅)အိမ်ထောင်စုရှိပြီး လူဦးရေ (၄၀၀)ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်မျှမ်းမျှလျှင် ၆ ဦးနှုန်းရှိသောကြောင့် မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်လျှင်ရှိရမည့် လူဦးရေနှုန်းထက် များနေပါသည်။ နို့စို့အရွယ်ကလေးဦးရေ ၇ ဦး၊ ၁.၇၅ ရာခိုင်နှုန်း၊ သက်ကြီးရွယ်ကြီးဦးရေ

၁၆ ဦး၊ ၄ ရာခိုင်နှုန်း ရှိသောကြောင့် နို့စို့အရွယ်ကလေးဦးရေနှင့် သက်ကြီးရွယ်ကြီးဦးရေး နှိုင်းယှဉ်သော် သက်ကြီးရွယ်ကြီးဦးရေသည် ၂ ဆကျော်နီးပါး မြင့်မားနေသည့်အတွက် မွေးဖွားနှုန်းလျော့နည်းနေသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သောဦးရေ ၂၇၅ ဦး၊ ၆၈.၇၅ ရာခိုင်နှုန်းရှိသောကြောင့် အလုပ်လုပ်ကိုင်နိုင်သည့် ဦးရေများပြားပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၅၅ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၇ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၃၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ် ☐နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၂ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၅ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၁ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၁၃ | ၂၆ | ၉ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၂၉ | မြင့် ☐ လတ် ☑နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ကျေးရွာ၏ အိမ်ထောင်စု ထက်ဝက်ကျော်ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာ၏ အိမ်ထောင်စု အချို့မှ မိသားစုဝင်များမှာ အစိုးရဝန်ထမ်း လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေယာမရှိသည့် အိမ်ထောင်စုများမှာ နေ့စား၊ ကျပန်းအလုပ် လုပ်ကိုင်ကြသည်။ အခြားဒေသများသို့ အလုပ်ဝင်ငွေပိုမိုရရှိရန် ထွက်ခွာပြီး လုပ်ကိုင်ကြသူများလည်းရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် | နေ့စား | ၀ | ၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသမီး/အမျိုးသား လုပ်အားခကို တန်းတူ သတ်မှတ်ပေးချေကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | ၂၈ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၅.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့☐ |
| **စုစုပေါင်း** | ၆၅.၅ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စိုက်ပျိုးမြေယာများမှာ လယ်မြေ(၂၂)ကေ၊ တောင်ယာမြေ (၂၈)ကေနှင့် ဥယျာဉ်ခြံမြေ(၁၅.၅)ကေ စုစုပေါင်း(၆၅.၅)ကေရှိပါသည်။ ၎င်းစိုက်ပျိုးမြေများရှိ မြေဆီလွှာ အရည်အသွေး အတော်အသင့်ကောင်းမွန်ပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝအပင်မျိုးစိတ်များ | များ ☐ သင့် ☐ | လွယ် ☐ ခက်☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း ☑ မရှိ ☐ | အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ သတ္တဝါနှင့်အခြားတွင်းထွက်သယံဇာတများ ကျေးရွာအနီးဝန်းကျင်တွင် မရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်များလည်း ကျေးရွာအနီးဝန်းကျင်တွင် မရှိပါ။ သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ) ကျေးရွာအနီးဝန်းကျင်တွင် အနည်းငယ် ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ကျေးရွာအနီးဝန်းကျင်တွင် မတွေ့ရှိရတော့ပါ။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၇ | ၄၈ | ၄ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကောင်းကော်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၆)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၇)စု၊ မပြေလည်သော အိမ်ထောင်စု(၄၈)စုနှင့် အလွန်မပြေလည်သော

အိမ်ထောင်စု(၄)စု၊ စုစုပေါင်း (၆၅)အိမ်ထောင်စုရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးတောင်ယာမြေများအား အမှတ်(၁၄၃)တပ်ရင်းမှ တပ်ရင်းမြေအဖြစ် သိမ်းယူလိုက်သောကြောင့် စိုက်ပျိုးမြေယာများ ဆုံးရှုံးသွားသည့်အတွက် မပြေလည်သော အိမ်ထောင်စုများ များပြားရခြင်းဖြစ်ပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၀ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | **ထိခိုက်လွယ်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
